一般社団法人 Japan Association for Human Resources in Industrial Product Manufacturing
工業製品製造技能人材機構



# ကုန်ထုတ်လုပ်ငန်းရှိ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား
# လူစွမ်းအားအရင်းအမြစ်များ
# လက်ခံခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍





၂၀၂၅ ခုနှစ် နိုဝင်ဘာလ

၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏

အကြောင်းအရာအကျဉ်းချုပ်

၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်

၃။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၄။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၅။ လက်ခံဆွေးနွေးပေးသည့်ကောင်တာနှင့်စပ်လျဉ်း၍

世界をつなぐ。未来をつくる。
出入国在留管理庁
ISA Immigration Services Agency

နံပါတ်(၁) နှင့် နံပတ် (၂) တို့၏ ဘုံတူညီသောအချက်များ

- **“ကျွမ်းကျင်လုပ်သား” ဆိုသည်မှာ လုပ်သားအင်အားမလုံလောက်မှုကို ဖြည့်ဆည်းပေးရန်အတွက် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ ရှိထားသည့် နိုင်ငံခြားသားများကို လက်ခံပေးသည့်အခါရှိ နေထိုင်ခွင့်အမျိုးအစား ဖြစ်ပါသည်။**
- **ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်နှင့် ပြည်တွင်းမှလူ့စွမ်းအားအရင်းအမြစ်များထိန်းသိမ်းရန် လုပ်ဆောင်သော်လည်း လူ့အရင်းအမြစ်များထိန်းထားရန်မှာ ခက်ခဲသည့်အခြေအနေ၌ရှိနေသည့် လုပ်ငန်းနယ်ပယ်များသည် စနစ်နှင့်အကျုံးဝင်ပါသည်။**

- ပိုမိုဆိုးဝါးလာသော လုပ်သားအင်အားမလုံလောက်မှုကို တုံ့ပြန်သည့်အနေဖြင့် ပြည်တွင်း၌ လူ့အရင်းအမြစ်များထိန်းထားရန် ကြိုးပမ်းသော်လည်း လူ့အရင်းအမြစ်များထိန်းထားရန် ခက်ခဲသည့်အခြေအနေ၌ရှိနေသည့် လုပ်ငန်းနယ်ပယ်များကိုသာ သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ ရှိထားသည့် မောင်းနှင်အားအဖြစ်လုပ်ဆောင်မည့် နိုင်ငံခြားသားများကို လက်ခံခန့်အပ်ရန်အတွက် နေထိုင်ခွင့်အမျိုးအစား “အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁)” နှင့် “အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂)” တို့ကို ဖန်တီးခဲ့ပါသည် (၂၀၁၉ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်ခဲ့ပါသည်)

○ **အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁)** – အထူးသတ်မှတ်ထားသောလုပ်ငန်းနယ်ပယ်(*)၌ ပါဝင်ပြီး အသိပညာ သို့မဟုတ် အတွေ့အကြုံ အထိုက်အလျောက် လိုအပ်သော ကျွမ်းကျင်မှုဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်မည့် နိုင်ငံခြားသားများအတွက် နေထိုင်ခွင့်အမျိုးအစား

နေထိုင်သူဦးရေ - 333,123 ဦး (2025 ခုနှစ် ဇွန်လကုန်အထိ၊ ပဏာမစာရင်း)

○ **အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂)** - အထူးသတ်မှတ်ထားသောလုပ်ငန်းနယ်ပယ်၌ ပါဝင်ပြီး ကျွမ်းကျင်မှု ပြည့်ဝရန်လိုအပ်သည့် လုပ်ငန်းများ၌ ထမ်းဆောင်မည့် နိုင်ငံခြားသားများအတွက် နေထိုင်ခွင့်အမျိုးအစား

နေထိုင်သူဦးရေ - 3,073 ဦး (2025 ခုနှစ် ဇွန်လကုန်အထိ၊ ပဏာမစာရင်း)

ကျွမ်းကျင်လုပ်သားလုပ်ငန်းနယ်ပယ် - သူနာပြုစောင့်ရှောက်မှုလုပ်ငန်း၊ အဆောက်အဦသန့်ရှင်းရေး၊ စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး၊ သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း၊ ကားပြုပြင်ထိန်းသိမ်းရေး၊ လေကြောင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးလုပ်ငန်း၊ ရထားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ (နယ်ပယ် ၁၆ ခု) အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် သစ်လုပ်ငန်း

(အနီရောင် စာသားသည် အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) နှင့် နံပါတ် (၂) နှစ်မျိုးလုံး လက်ခံခန့်အပ်နိုင်ပါသည်။ အမည်းရောင်စာသားသည် အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁)ကိုသာ ခန့်အပ်နိုင်ပါသည်။)

**အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁)အတွက် အဓိကအချက်များ**


| | |
|---|---|
| နေထိုင်ခွင့်ကာလ | တစ်နှစ်ထက်မပိုသောအတိုင်းအတာအတွင်း နိုင်ငံခြားသားတစ်ဦးစီအတွက် တရားရေးဝန်ကြီးမှ သတ်မှတ်ပေးထားသော ကာလအလိုက် သက်တမ်းတိုးခြင်း (စုစုပေါင်း ၅ နှစ်အထိ) |
| ကျွမ်းကျင်မှုစံနှုန်း | စာမေးပွဲစသည်တို့ဖြင့် စစ်ဆေးခြင်း (နည်းပညာအလုပ်သင် သင်တန်း အမှတ်(၂) ပြီးမြောက်ထားသည့် နိုင်ငံခြားသားများသည် စာမေးပွဲဖြေဆိုခြင်း ကင်းလွတ်ပါသည်) |
| ဂျပန်ဘာသာစကားကျွမ်းကျင်မှုစံနှုန်း | စာမေးပွဲ (N4 စသည်) ဖြင့် စစ်ဆေးခြင်း (နည်းပညာအလုပ်သင် သင်တန်း အမှတ်(၂) ပြီးမြောက်ထားသည့်သူများ ကင်းလွတ်ပါသည်)<br>*သူနာပြုစောင့်ရှောက်မှုလုပ်ငန်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးလုပ်ငန်း (တက္ကစီ၊ ဘတ်စ်) နှင့် ရထားလုပ်ငန်း(သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ) နယ်ပယ်များသည် သီးခြားကင်းလွတ်ခွင့်သတ်မှတ်ချက် ရှိပါသည် |
| မိသားစုဝင်များကို အတူခေါ်ဆောင်ထားခြင်း | ယေဘုယျအားဖြင့် လက်မခံပါ |
| ပံ့ပိုးကူညီမှု | လက်ခံခန့်အပ်ပေးသည့်အဖွဲ့အစည်း သို့မဟုတ် မှတ်ပုံတင်ထားသောပံ့ပိုးကူညီမှုအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့် အကျုံးဝင်ပါသည် |

**အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂)၏ အဓိကအချက်များ**

| | |
|---|---|
| နေထိုင်ခွင့်ကာလ | ၃ နှစ်၊ ၁ နှစ် သို့မဟုတ် ၆ လလျှင် တစ်ကြိမ် သက်တမ်းတိုးခြင်း (သက်တမ်းတိုးနိုင်သည့်ကြိမ်ရေ ကန့်သတ်ချက်မရှိပါ) |
| ကျွမ်းကျင်မှုစံနှုန်း | စာမေးပွဲစသည်တို့ဖြင့် စစ်ဆေးခြင်း |
| ဂျပန်ဘာသာစကားကျွမ်းကျင်မှုစံနှုန်း | မူအရ စာမေးပွဲစသည်တို့ဖြင့် စစ်ဆေးခြင်းမရှိပါ (ရေလုပ်ငန်းနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း(N3)မပါဝင်ပါ။) |
| မိသားစုဝင်များကို အတူခေါ်ဆောင်ထားခြင်း | သတ်မှတ်ချက်များ ပြည့်မီပါက ဖြစ်နိုင်ပါသည် (အိမ်ထောင်ဖက်၊ သားသမီး) |
| ပံ့ပိုးကူညီမှု | လက်ခံခန့်အပ်ပေးသည့်အဖွဲ့အစည်း သို့မဟုတ် မှတ်ပုံတင်ထားသောပံ့ပိုးကူညီမှုအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့် အကျုံးမဝင်ပါ |

(အရင်းအမြစ်) Immigration Services Agency ဝက်ဘ်ဆိုက်https://www.moj.go.jp/isa/content/001445726.pdf

**[အလုပ်လုပ်ကိုင်ခွင့်ပြုသည့် နေထိုင်ခွင့်အမျိုးအစားအတွက် ကျွမ်းကျင်မှုစံနှုန်းများ]**



# ၁-၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏ အကြောင်းအရာအကျဉ်းချုပ် (၂/၂)






နံပါတ်(၁) နှင့် နံပတ် (၂) တို့၏ ဘုံတူညီသောအချက်များ

| | ၁။ လုပ်သားအင်အား မလုံလောက်သည့်အခြေအနေ | ၂။ လူ့အရင်းအမြစ် အခြေခံစံနှုန်း | | ၃။ အခြားအရေးကြီးသည့်အချက်များ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | ခန့်မှန်းကိန်း<br>(၅ နှစ်အတွင်း အများဆုံးအရေအတွက်) | ကျွမ်းကျင်မှုစာမေးပွဲ | ဂျပန်ဘာသာစကားစာမေးပွဲ | နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား လူ့စွမ်းအားအရင်းအမြစ်များ လုပ်ကိုင်နိုင်သောအလုပ် | လက်ခံခန့်အပ်ပေးသည့်အဖွဲ့အစည်းများအား အထူးချမှတ်ထားသည့် သတ်မှတ်ချက်များ | အလုပ်ခန့်အပ်မှုပုံစံ | |
| နံပါတ် (၁) | **173,300 ဦး**<br>(၂၀၂၄ ခုနှစ် ဧပြီလမှစ၍ ၅ နှစ်တာ) | ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ် အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ<br>*၁) | (အောက်ပါတို့ထဲမှ တစ်ခု)<br>① ဂျပန်ဖောင်ဒေးရှင်း ဂျပန်ဘာသာစကားအခြေခံစာမေးပွဲ<br>② ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (N4 နှင့်အထက်)<br>*၁) | **စုစုပေါင်း အမျိုးအစား ၁၀ ခု**<br><br>**(၁) စက်နှင့်သတ္တုလုပ်ငန်းအမျိုးအစား**<br>**(၂) လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ခြင်း အမျိုးအစား**<br>**(၃) သတ္တုမျက်နှာပြင်ပြုပြင်မှု အမျိုးအစား**<br>**(၄) ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း အမျိုးအစား**<br>**(၅) Precast ကွန်ကရစ်ထုတ်လုပ်မှု အမျိုးအစား**<br>**(၆) ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း အမျိုးအစား**<br>**(၇) ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်ခြင်း အမျိုးအစား**<br>**(၈) ပုံနှိပ်/စာအုပ်ချုပ်ခြင်း အမျိုးအစား**<br>**(၉) အထည်အလိပ်များ ထုတ်လုပ်ခြင်း အမျိုးအစား**<br>**(၁၀) စက်ချုပ်ခြင်း အမျိုးအစား** | **“ကုန်ထုတ်လုပ်ငန်းတွင် နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား လူ့စွမ်းအားအရင်းအမြစ်များ လက်ခံခန့်အပ်ရန် ညှိနှိုင်းဆွေးနွေးရေးနှင့်ဆက်ဆံရေး ကော်မတီ”** တွင် ပါဝင်ပြီး အချက်အလက်စုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း စသည်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း စသဖြင့် | တိုက်ရိုက် | *၁) နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာ ပြီးမြောက်ထားသူများသည် လိုအပ်သော အရည်အချင်းများနှင့် ဂျပန်ဘာသာစကား ကျွမ်းကျင်မှု စံနှုန်းများနှင့် ကိုက်ညီသောကြောင့် ကျွမ်းကျင်မှု စာမေးပွဲနှင့် ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲများမှ ကင်းလွတ်ခွင့် ရှိပါသည် |
| နံပါတ် (၂) | **ကန့်သတ်ချက်များမရှိပါ** | ၁။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ လမ်းကြောင်း<br>(၁) Business Career Qualification Level-3<br>(၂) အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ<br>(၃) ဂျပန်နိုင်ငံအတွင်း အခြေစိုက်လုပ်ငန်းခွင်ရှိသော ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်ငန်းဆိုက်များတွင် ၃ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ဖူးသော အတွေ့အကြုံ<br>*၂)<br><br>၂။ ကျွမ်းကျင်မှုစာမေးပွဲလမ်းကြောင်း<br>*၃) | မူအရ စာမေးပွဲ စသည်တို့ဖြင့် စစ်ဆေးရန် မလိုအပ်ပါ | | | | *၂) Business Career Qualification သည် ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲရေးစီမံကိန်း အမျိုးအစား၊ ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲရေး လည်ပတ်မှု အမျိုးအစား တို့မှ တစ်ခုခု<br>*၃) ကျွမ်းကျင်မှုစာမေးပွဲ အဆင့် ၁ ရရှိထားခြင်း၊ ဂျပန်နိုင်ငံအတွင်း အခြေစိုက်လုပ်ငန်းခွင်ရှိသော ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်ငန်းဆိုက်များတွင် ၃ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ဖူးသော အတွေ့အကြုံရှိခြင်းတို့ နှစ်မျိုးလုံး |

# [စက်နှင့်သတ္တုလုပ်ငန်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် စက်အစိတ်အပိုင်းထုတ်ကုန်များနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ




| | | | | |
|---|---|---|---|---|
| အရည်ကြိုပုံသွင်းခြင်း  | သတ္တုပုံသွင်းခြင်း  | Die Casting လုပ်ခြင်း  | စက်ပစ္စည်းသုံးလုပ်ဆောင်မှု  | သတ္တုဖိအားပေးလုပ်ဆောင်မှု  |
| သံထည်  | သတ္တုပြားပုံသွင်းလုပ်ဆောင်မှု  | အချောသပ်ခြင်း  | စက်ပစ္စည်းစစ်ဆေးမှု  | စက်ပစ္စည်းထိန်းသိမ်းမှု  |
| လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း  | ပလပ်စတစ်ပုံသွင်းခြင်း  | ဆေးမှုတ်ဆေးသုတ်ခြင်း  | ဂဟေဆက်ခြင်း  | စက်မှုထွက်ကုန်ထုတ်ပိုးမှု  |
| အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း  | သတ္တုအပူပေးလုပ်ဆောင်မှုလုပ်ငန်း  | | | |

"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ တပ်ဆင်မှုလုပ်ငန်းစဉ်များကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စက်ပစ္စည်းသုံးလုပ်ဆောင်မှု |  | အချောသပ်ခြင်း |  | စက်ပစ္စည်းစစ်ဆေးမှု |  | စက်ပစ္စည်းထိန်းသိမ်းမှု |  | အီလက်ထရွန်းနစ်ပစ္စည်းများတပ်ဆင်ခြင်း |  |
| လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း |  | ဆားကစ်ဘုတ်ပြားထုတ်လုပ်မှု |  | ပလပ်စတစ်ပုံသွင်းခြင်း |  | စက်မှုထွက်ကုန်ထုတ်ပိုးမှု |  | အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း |  |


“စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ” ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [သတ္တုမျက်နှာပြင်ပြုပြင်မှု အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် မျက်နှာပြင်ပြုပြင်မှုစသည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

မျက်နှာပြင်ဖုံးအုပ်မှု



Aluminum Anodizing လုပ်ဆောင်မှု




"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံးပြုလုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း



"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [Precast ကွန်ကရစ်ထုတ်လုပ်မှု အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် Precast ကွန်ကရစ်ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

Precast ကွန်ကရစ်ထုတ်လုပ်မှု



"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ခြေဖျက်သည့်၊ ပုံသွင်းသည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း



"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

ကြွေထည်စက်မှုထုတ်ကုန်ထုတ်လုပ်မှု



"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ"
ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [ပုံနှိပ်/စာအုပ်ချုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် အော့ဖ်ဆက်ပုံနှိပ်ခြင်း၊ Gravure ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်းလုပ်ငန်းစဉ်များကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

ပုံနှိပ်ခြင်း



စာအုပ်ချုပ်ခြင်း



"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ" ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [အထည်အလိပ်များ ထုတ်လုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် အထည်အလိပ်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

| | | | | |
|---|---|---|---|---|
| ချည်ငင်လုပ်ငန်း  | ရက်ကန်းလုပ်ငန်း  | အရောင်ဆိုးခြင်း  | ချည်ထည်ထွက်ကုန်ထုတ်လုပ်မှု  | ဒေါင်လိုက်ယက်ချည်ထည်ထုတ်လုပ်မှု  |
| ကော်ဇောထုတ်လုပ်မှု  | | | | |

"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ"
ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# [စက်ချုပ်ခြင်း အမျိုးအစား]

နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် စက်ချုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း

## ◇ ပါဝင်သော ကျွမ်းကျင်မှုများ

| | | | | |
|---|---|---|---|---|
| အမျိုးသမီးနှင့်ကလေးအဝတ်အထည်ထုတ်လုပ်မှု  | အမျိုးသားဝတ်အထည်ထုတ်လုပ်မှု  | အတွင်းခံပစ္စည်းထုတ်လုပ်မှု  | အိပ်ယာပစ္စည်းထုတ်လုပ်မှု  | ဖျည်ထည်ထွက်ကုန်ထုတ်လုပ်မှု  |
| အထည်ချုပ်ခြင်း  | မော်တော်ယာဉ်ထိုင်ခုံချုပ်ခြင်း  | | | |

"စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်အမျိုးအစားနှင့် ပတ်သက်သည့်စနစ် ကျင့်သုံးမှုဆိုင်ရာမူဝါဒ"
ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ (၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် တစ်စိတ်တပိုင်းပြင်ဆင်ထား) မှ ကောက်နုတ်

# (အကိုးအကား) ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်၌ လက်ခံခန့်အပ်နိုင်သော စီးပွားရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံ စံလုပ်ငန်းနယ်ပယ်အုပ်စုများ

နံပါတ်(၁) နှင့် နံပတ် (၂) တို့၏ ဘုံတူညီသောအချက်များ

| |
|---|
| ၁၁ - အထည်အလိပ်လုပ်ငန်း |
| ၁၄၁ - ပျော့ဖတ်ထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၂၁ - အနောက်တိုင်းစက္ကူထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၂၂ - စက္ကူပြားထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၂၃ - စက်ဖြင့်ထုတ်လုပ်သော ဂျပန်စက္ကူထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၃၁ - ထပ်ပိုးလွှာသုတ်ထားသောစက္ကူထုတ်လုပ်မှုလုပ်ငန်း (ပုံနှိပ်ရန်သုံးသောစက္ကူများ မပါဝင်ပါ) |
| ၁၄၃၂ - ဂျပ်စက္ကူထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၄ - စက္ကူထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၅ - စက္ကူဘူးခွက်များထုတ်လုပ်မှုလုပ်ငန်း |
| ၁၄၉ - အခြား ပျော့ဖတ်၊ စက္ကူနှင့် ပြုပြင်ထားသောစက္ကူထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်း |
| ၁၅ - ပုံနှိပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ |
| ၁၈ - ပလပ်စတစ်ထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်း |

| |
|---|
| ၂၁၂၃ - Precast ကွန်ကရစ်ထုတ်လုပ်မှုလုပ်ငန်း |
| ၂၁၄၂ - ထမင်းစားစားပွဲနှင့် မီးဖိုချောင်သုံး ကြွေထည်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၁၄၃ - ကြွေထည်ပစ္စည်းနှင့် အဆင်တန်ဆာများ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၁၉၄ - ပုံလောင်းပုံဖော်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း (အုတိုင်၌ထည့်၍ပုံဖော်သည့်ပစ္စည်းများ ပါဝင်ပါသည်) |
| ၂၂၁၁ - ပြင်းအားမြင့်ပေါင်းဖိုဖြင့် သံမဏိထုတ်လုပ်သည့်လုပ်ငန်း |
| ၂၂၁၂ - ပြင်းအားမြင့်ပေါင်းဖိုမသုံးသော သံမဏိထုတ်လုပ်သည့်လုပ်ငန်း |
| ၂၂၂၁ - သံမဏိနှင့် သံမဏိနန်းဆွဲသည့်လုပ်ငန်း |
| ၂၂၃၁ - အပူပေးနန်းဆွဲသည့်လုပ်ငန်း (သံပိုက်များ၊ ဆွဲဆန့်နိုင်သောသံချောင်းများ မပါဝင်ပါ) |
| ၂၂၃၂ - အအေးပေးနန်းဆွဲသည့်လုပ်ငန်း (သံပိုက်များ၊ ဆွဲဆန့်နိုင်သောသံချောင်းများ မပါဝင်ပါ) |
| ၂၂၃၄ - သံပိုက်များ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၂၅ - သံထည်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း |
| ၂၂၉၁ - သံမဏိ shear slit ဖြတ်တောက်မှုလုပ်ငန်း |
| ၂၂၉၉ - အခြား အုပ်စုခွဲ၍မရသော သံမဏိလုပ်ငန်း (သို့ရာတွင် သံမှုန့်ထုတ်လုပ်မှုလုပ်ငန်းအတွက်သာ။) |
| ၂၃၅ - သံမဟုတ်သော သတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း |

| |
|---|
| ၂၄၂၂ - စက်ပစ္စည်းဓားသွားများထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၂၄ - လုပ်ငန်းသုံးကိရိယာတန်ဆာပလာများ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၃၁ - ပိုက်လုပ်ငန်းများ၌သုံးသော ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း (အဆို့ရှင်များ၊ ဘားများ မပါဝင်ပါ) |
| ၂၄၄၁ - စတီးဖရိန်ထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၄၃ - သတ္တုခါးပန်းနှင့် တံခါးထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၄၆ - စည်သွပ်ဘူးနှင့်သတ္တုပြားထုတ်လုပ်မှုလုပ်ငန်း (သို့ရာတွင် ဖိအားမြင့်ဓာတ်ငွေ့သုံးဂဟေဆက်ထားသည့် ထည့်စရာများ၊ အကြီးစားသိုလှောင်ကန်ထုတ်လုပ်မှုလုပ်ငန်းများအတွက်သာ။) |
| ၂၄၅ - သတ္တုပစ္စည်း ထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၆၁ - သတ္တုပစ္စည်း ဆေးမှုတ်ဆေးသုတ်လုပ်ငန်း |
| ၂၄၆၂ - ပျော်ရည်ဖြင့် မျက်နှာပြင်ဖုံးအုပ်မှုလုပ်ငန်း (မျက်နှာပြင်ပြုပြင်သည့် သံမဏိကုန်ကြမ်းထုတ်လုပ်မှုလုပ်ငန်း မပါဝင်ပါ) |
| ၂၄၆၄ - လျှပ်စစ်ဖြင့် မျက်နှာပြင်ဖုံးအုပ်မှုလုပ်ငန်း (မျက်နှာပြင်ပြုပြင်သည့် သံမဏိကုန်ကြမ်းထုတ်လုပ်မှုလုပ်ငန်း မပါဝင်ပါ) |
| ၂၄၆၅ - သတ္တုအပူပေးလုပ်ဆောင်မှုလုပ်ငန်း |
| ၂၄၆၉ - အခြား သတ္တုမျက်နှာပြင်ပြုပြင်မှုလုပ်ငန်း (သို့ရာတွင် Aluminum Anodizing လုပ်ဆောင်မှုလုပ်ငန်းအတွက်သာ။) |
| ၂၄၈ - မူလီများ၊ နတ်များ၊ သံမှိုများ၊ ဝက်အူအသေးများ၊ သစ်သားဝက်အူများစသည်တို့ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၄၉၉ - အခြား အုပ်စုခွဲ၍မရသော သတ္တုထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်း (သို့ရာတွင် စည်များပြန်လည်ပြုပြင်သည့်လုပ်ငန်းအတွက်သာ။) |
| ၂၅ - အထွေထွေသုံးနိုင်သည့် စက်ပစ္စည်းများနှင့် စက်ကိရိယာမျာ ထုတ်လုပ်မှုလုပ်ငန်း (သို့ရာတွင် ၂၅၉၁- မီးသတ်ဆေးဘူး၊ မီးသတ်ကိရိယာများထုတ်လုပ်မှုလုပ်ငန်း မပါဝင်ပါ။) |
| ၂၆ - ထုတ်လုပ်ရာ၌သုံးသော စက်ယန္တရားနှင့်စက်ကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၇ - လုပ်ငန်းသုံးစက်ပစ္စည်းနှင့် စက်ကိရိယာများထုတ်လုပ်မှုလုပ်ငန်း (သို့ရာတွင် ၂၇၄ ဆေးဘက်ဆိုင်ရာသုံးစက်ပစ္စည်းနှင့်ကိရိယာများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် ၂၇၆ လက်နက်ထုတ်လုပ်မှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၂၈ - အီလက်ထရွန်းနစ် အစိတ်အပိုင်းများ၊ ကိရိယာများနှင့် အီလက်ထရွန်းနစ် ဆားကစ်များ ထုတ်လုပ်မှုလုပ်ငန်း |
| ၂၉ - လျှပ်စစ်စက်ယန္တရားနှင့်စက်ကိရိယာများထုတ်လုပ်မှုလုပ်ငန်း (သို့ရာတွင် ၂၉၂၂ - အတွင်း၌ပေါက်ကွဲလောင်ကျွမ်းသောအင်ဂျင်လျှပ်စစ်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း မပါဝင်ပါ။) |
| ၃၀ - သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း |
| ၃၂၉၅ - စက်မှုလုပ်ငန်းသုံး နမူနာပုံစံများထုတ်လုပ်မှုလုပ်ငန်း |
| ၃၂၉၉ - အခြား အုပ်စုခွဲ၍မရသော အခြားကုန်ထုတ်လုပ်ငန်း (သို့ရာတွင် ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်သာ။) |
| ၄၈၄ - စက္ကူပုံးများဖြင့် ထုပ်ပိုးမှုလုပ်ငန်း |

**(အကိုးအကား ၁) ကျွမ်းကျင်နယ်ပယ်ရှိ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား လက်ခံခန့်အပ်ခြင်းဆိုင်ရာ ကျင့်သုံးမှုလုပ်ထုံးလုပ်နည်းများ ပူးတွဲစာအုပ် (အများပြည်သူသို့ အသိပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ) (တရားရေးဝန်ကြီးဌာန)**

https://www.moj.go.jp/isa/content/930004946.pdf

**(အကိုးအကား ၂) ဂျပန်နိုင်ငံ စံလုပ်ငန်းနယ်ပယ်အုပ်စုများ (၂၀၂၃ ခုနှစ် ဇူလိုင်လတွင် 2023 ခုနှစ် ဇူလိုင်လတွင် အများပြည်သူသို့ အသိပေးကြေညာခဲ့သည်) (အုပ်စုကြီး E: ကုန်ထုတ်လုပ်ငန်း) (အုပ်စုကြီး H: သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း) (ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**

**e-Stat ရှာဖွေမှုစနစ်** (https://www.e-stat.go.jp/classifications/terms/10)

# (အကိုးအကား) ကုန်ထုတ်လုပ်ငန်းနယ်ပယ်ရှိ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားများ၏ လူ့အရင်းအမြစ်ပုံရိပ်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ တိုးတက်မှုပုံရိပ်

နံပါတ်(၁) နှင့် နံပတ် (၂) တို့၏ ဘုံတူညီသောအချက်များ

- **<u>အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁)သည် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ အထိုက်အလျောက်လိုအပ်သော အလုပ်များတွင် လုပ်ကိုင်နေသူများအတွက်</u>** နေထိုင်ခွင့်အမျိုးအစားဖြစ်ပါသည်။
- **<u>အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂)သည် အဆင့်မြင့်သော ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ အလုပ်များကို ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်</u>** သူများအတွက် နေထိုင်ခွင့်အမျိုးအစားဖြစ်ပါသည်။

၁၀ နှစ်မြောက် ~

အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်မှုများစွာကို တတ်မြောက်အောင်လုပ်ပြီး <u>အရည်အချင်းပြည့်ဝသောလုပ်သား</u>အဖြစ်သို့ရောက်ရှိကာ လုပ်သားများစွာ၏ ခေါင်းဆောင်အဖြစ်သို့ ရောက်မည်ဖြစ်ပါသည်။

လာမည့်နှစ်အနည်းငယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းစဉ်အဆင့်များ စီမံခန့်ခွဲခြင်း၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ ကုန်ကျစရိတ်စီမံခန့်ခွဲခြင်းတို့ကို တတ်မြောက်အောင်လုပ်ဆောင်ပြီး နောက်ဆုံးတွင် <u>ကုန်ထုတ်လုပ်သည့်လုပ်ငန်းခွင်မှ စီမံခန့်ခွဲမှုအလွှာ</u>နှင့် စက်ရုံမှူးအဖြစ် လုပ်ငန်းခွင်ကို ပံ့ပိုးပေးနိုင်မည့်တည်ရှိမှုအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

<အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) နိုင်ငံခြားသားများထံမှ အလိုရှိသော လူ့အရင်းအမြစ်ပုံရိပ်>

- အဆင့်မြင့်သော ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ အလုပ်များကို ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်နေသော လူ့အရင်းအမြစ်များ
- ကြီးကြပ်ရေးမှူးအဖြစ် လုပ်ငန်းကို ကြီးကြပ်နိုင်ပြီး ကျွမ်းကျင်သော စွမ်းရည်များဖြင့် လုပ်ဆောင်နိုင်သည့် လူ့အရင်းအမြစ် (အဖွဲ့ခေါင်းဆောင်၊ လုပ်သားမှူးကဲ့သို့သော ပုံရိပ်)

၄ နှစ်မြောက် ~ ၁၀ နှစ်မြောက်

ကုတ်ထုတ်လုပ်ငန်းနယ်ပယ်မှ အလုပ်ဌာနခွဲများထဲတွင် နည်းပညာအလုပ်သင် သင်တန်းချိန်မဟုတ်သောအချိန်များ၌ ကျွမ်းကျင်မှုများ တတ်မြောက်အောင်လုပ်ဆောင်ပြီး <u>များစွာစွမ်းဆောင်နိုင်သောလုပ်သား</u>အဖြစ်သို့ရောက်ကာ အတွေ့အကြုံများ စုဆောင်းနိုင်မည်ဖြစ်ပါသည်။

<အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) နိုင်ငံခြားသားများထံမှ အလိုရှိသော လူ့အရင်းအမြစ်ပုံရိပ်>

- ကျွန်ုပ်တို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းကုမ္ပဏီများတွင် လုပ်ကိုင်သင့်ပြီး အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ အထိုက်အလျောက်လိုအပ်သော အလုပ်များတွင် လုပ်ကိုင်နေသည့် လူ့အရင်းအမြစ်များ

၁ နှစ်မြောက် ~ ၅ နှစ်မြောက်

သံအရည်ကြိုပုံသွင်းခြင်း၊ သာမန်တွင်ခုံစသည့် <u>လုပ်ငန်းတစ်ခုတည်းကိုသာကျွမ်းကျင်သောလုပ်သား</u>အဖြစ် လက်တွေ့သင်ယူရပါမည်။

(*စုစုပေါင်း အလုပ်အကိုင် ၉၁ ခုနှင့် လုပ်ငန်း ၁၆၈ ခု)

## အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) (၂၀၂၃ ခုနှစ်~)

- နေထိုင်ခွင့်ကာလအပေါ် ကန့်သတ်ချက်မရှိ (သက်တမ်းတိုးနိုင်သည်)
- မိသားစုဝင်များကို အတူခေါ်ဆောင်ထားခွင့်ပြု
- အလုပ်ပြောင်းနိုင်
- လက်ခံခန့်အပ်နိုင်သော အများဆုံးဦးရေ - မရှိ
- လက်ခံခန့်အပ်ထားသောဦးရေ - ၄၁၀ ဦး (၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ၊ ကုန်ထုတ်လုပ်ငန်းနယ်ပယ်အတွက်သာ)

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ
Business Career Qualification Level-3
(ကျွမ်းကျင်မှုစာမေးပွဲ အဆင့် ၁ အောင်မြင်ပြီးသူသည် အထက်ပါစာမေးပွဲနှစ်ခုလုံးကို ကင်းလွတ်ခွင့်ရပါသည်)
+ ၃ နှစ်နှင့်အထက်ရှိသော လုပ်ငန်းအတွေ့အကြုံ

## အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) (၂၀၁၉ ခုနှစ် ~)

- နေထိုင်ခွင့်ကာလ အများဆုံး ၅ နှစ်
- မိသားစုဝင်များကို အတူခေါ်ဆောင်ထားခွင့်မပြု
- အလုပ်ပြောင်းနိုင်
- အများဆုံးလက်ခံခန့်အပ်ထားသောဦးရေ - ၄၉,၇၅၀ ဦး (၂၀၂၄ ခုနှစ် မတ်လအထိ ၅ နှစ်တာ)

173,300 ဦး(၂၀၂၄ ခုနှစ် ဧပြီမှစတင်ပြီး ၅ နှစ်အတွင်း)

- လက်ခံခန့်အပ်ထားသောဦးရေ - ၅၁,၀၆၃ ဦး (၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ၊ ကုန်ထုတ်လုပ်ငန်းနယ်ပယ်အတွက်သာ)

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ
+ ဂျပန်ဘာသာစကားစွမ်းရည်

နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂)ကို ကောင်းစွာပြီးမြောက်ထားပါက အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲစသည်တို့ကို ကင်းလွတ်ခွင့် ရပါမည်။

## နည်းပညာအလုပ်သင် သင်တန်း (၁၉၉၃ ခုနှစ် ~)

- နေထိုင်ခွင့်ကာလ အများဆုံး ၅ နှစ်
- မိသားစုဝင်များကို အတူခေါ်ဆောင်ထားခွင့်မပြု
- အလုပ်ပြောင်းခွင့်မရှိ
- လက်ခံခန့်အပ်နိုင်သော အများဆုံးဦးရေ - မရှိ
- လက်ခံခန့်အပ်ထားသောဦးရေ - ၄.၅၇ သိန်း ဦး (၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ၊ လုပ်ငန်းအမျိုးအစားများအားလုံး)

* ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကျွမ်းကျင်မှုများ လွှဲပြောင်းပေးသည့် နိုင်ငံတကာ အကျိုးပြုစနစ်

ပြည်ပ

# (ကိုးကား) Japan Association for Human Resources in Industrial Product Manufacturing (JAIM) အကြောင်း အကျဉ်းချုပ်

နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား လက်ခံခန့်အပ်ခြင်းနှင့် ပတ်သက်ပြီး **လုပ်ငန်းနယ်ပယ်မှ အဓိက လုပ်ငန်းအသင်းအဖွဲ့နှင့် လက်ခံခန့်အပ်ပေးသည့် စီးပွားရေးလုပ်ငန်းတို့ကို စီမံပေးခြင်း၊ ပံ့ပိုးပေးခြင်း၊ ကျွမ်းကျင်မှုစာမေးပွဲကျင်းပပေးခြင်းစသည်တို့** လုပ်ဆောင်ပါသည်။

**စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးထံတွင် "နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားများ လက်ခံနိုင်စေမည့် စီမံကိန်းကို အကောင်အထည်ဖော်သည့် ကော်ပိုရေးရှင်း"** အဖြစ် မှတ်ပုံတင်ထားပါသည်။

| | |
|---|---|
| အမည်အခေါ်အဝေါ် | Japan Association for Human Resources in Industrial Product Manufacturing **(အတိုကောက် JAIM)** |
| တည်ထောင်ခြင်း | ၂၀၂၅ ခုနှစ် ဧပြီလ ၇ ရက် |
| တည်နေရာ | 5-11-2 Toranomon၊ Minato-ku၊ တိုကျို |
| အဖွဲ့ဝင်များ | အမြဲတမ်းအဖွဲ့ဝင်များ - ကုန်ထုတ်လုပ်ငန်းအဖွဲ့အစည်း ၃၃ ခု<br>ထောက်ပံ့ရေးအဖွဲ့ဝင် - နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားများ လက်ခံခန့်အပ်ထားသည့်စီးပွားရေးလုပ်ငန်း အခု ၇,၀၀၀ ခန့်(ကနဦးခန့်မှန်းချက်) |
| အဓိကလုပ်ဆောင်ရမည့်တာဝန် | ကျွမ်းကျင်မှုအကဲဖြတ်စာမေးပွဲအတွက် မေးခွန်းထုတ်ခြင်း၊ ကျင်းပခြင်းနှင့် ပြင်ဆင်မှုသင်တန်းများပေးခြင်း၊ ဘာသာစကားပေါင်းစုံဖြင့် လက်ခံဆွေးနွေးပေးသည့်ကောင်တာများ ထားရှိပေးခြင်း၊ အဖွဲ့ဝင်များ၏ ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှုများကို ပံ့ပိုးပေးခြင်း စသည် |



စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်တွင် လက်ခံခန့်အပ်နိုင်မည့် ခန့်မှန်းဦးရေ

၁၇၃၃၀၀ ဦး

* ၂၀၂၄ ခုနှစ် ဧပြီလမှစ၍ ၅ နှစ်အတွင်း



စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားဦးရေ

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) - ၄၅,၁၈၃ ဦး

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) - ၉၆ ဦး

* ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ




ကုန်ထုတ်လုပ်ငန်းနယ်ပယ်၌ အထူးကျွမ်းကျင်လုပ်သားအကဲဖြတ်စာမေးပွဲအောင်မြင်ထားသူဦးရေ (စုစုပေါင်း)

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) - ၁,၂၁၆ ဦး

အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) - ၁,၄၅၇ ဦး

* ၂၀၂၅ ခုနှစ် မတ်လကုန်အထိ



၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏ အကြောင်းအရာအကျဉ်းချုပ်

**၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်**

၃။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၄။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၅။ လက်ခံဆွေးနွေးပေးသည့်ကောင်တာနှင့်စပ်လျဉ်း၍

# ၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်

世界をつなぐ。未来をつくる。 出入国在留管理庁 ISA Immigration Services Agency

- **နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်ရန် ရည်ရွယ်ထားသူများသည် ကျွမ်းကျင်မှုနှင့် ဂျပန်ဘာသာစကားဆိုင်ရာစာမေးပွဲများကို ကြိုတင်ကာအောင်မြင်ထားခြင်း သို့မဟုတ် နည်းပညာအလုပ်သင် သင်တန်း အမှတ်(၂) ကို ကောင်းစွာပြီးမြောက်ထားခြင်းတို့ ရှိရန်လိုအပ်ပါသည်။**

## ပြည်ပမှ ဂျပန်သို့လာရောက်သော နိုင်ငံခြားသားများ

- နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာ ပြီးမြောက်ထားသည့် နိုင်ငံခြားသားများ
  → စာမေးပွဲ (ကျွမ်းကျင်မှု၊ ဂျပန်ဘာသာ) ကင်းလွတ်ခွင့်ရှိ
- ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ဝင်ရောက်ရန် စီစဉ်ထားသည့် နိုင်ငံခြားသားများ
  → ပြည်ပစာမေးပွဲ (ကျွမ်းကျင်မှု၊ ဂျပန်ဘာသာ) တို့ အောင်မြင်ခြင်း

<ကျွမ်းကျင်မှုစာမေးပွဲ>
- သတ်မှတ်ထားသောလုပ်ငန်းနယ်ပယ်များမှ အလုပ်ဌာနခွဲနှင့်သက်ဆိုင်သော စာမေးပွဲ

<ဂျပန်ဘာသာစကားစာမေးပွဲ>
- ဂျပန်ဖောင်ဒေးရှင်း ဂျပန်ဘာသာစကားအခြေခံစာမေးပွဲ (ဂျပန်ဖောင်ဒေးရှင်း) သို့မဟုတ်
- ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (N4 နှင့်အထက်) (ဂျပန်ဖောင်ဒေးရှင်းနှင့် Japan Educational Exchanges and Services) စသည်



↓

အလုပ်ခေါ်စာများကို တိုက်ရိုက်လျှောက်ထားခြင်း/ ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှကြားခံ အလုပ်ရှာဖွေပေးခြင်း

↓

[လက်ခံခန့်အပ်ပေးမည့်အဖွဲ့အစည်းနှင့် အလုပ်ခန့်အပ်မှုစာချုပ် ချုပ်ဆိုခြင်း] လက်ခံခန့်အပ်ပေးမည့်အဖွဲ့အစည်းများမှ ကြိုတင်လုပ်ဆောင်သော အကြိုလမ်းညွှန်သင်တန်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ခံယူခြင်း

↓

နေထိုင်ခွင့်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း

* လက်ခံခန့်အပ်သည့်အဖွဲ့အစည်းမှ ဝန်ထမ်းမှတစ်ဆင့် ကိုယ်စားလျှောက်ထားခြင်း

↓

**ဒေသန္တရလူဝင်မှုကြီးကြပ်ရေးအေဂျင်စီ**





စစ်ဆေးခြင်း

နေထိုင်ခွင့်အမျိုးအစား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

လက်ခံခန့်အပ်သည့်အဖွဲ့အစည်းထံ နေထိုင်ခွင့်အမျိုးအစားအသိအမှတ်ပြုလက်မှတ် ပေးပို့ခြင်း

↓

ဗီဇာလျှောက်ထားခြင်း

* လက်ခံခန့်အပ်သည့်အဖွဲ့အစည်းထံမှ ပေးပို့လာသော နေထိုင်ခွင့်အမျိုးအစားအသိအမှတ်ပြုလက်မှတ်ကို သက်ဆိုင်ရာနိုင်ငံမှ သံရုံးသို့ တင်ပြခြင်း

↓

**သက်ဆိုင်ရာနိုင်ငံမှ သံရုံး**

စစ်ဆေးခြင်း

ဗီဇာထုတ်ပေးခြင်း

↓

ပြည်ဝင်ခြင်း

နေထိုင်ခွင့်ကတ်ထုတ်ပေးခြင်း
* နောက်တစ်ရက်၌ ထုတ်ပေးခြင်းရှိတတ်ပါသည်

## ဂျပန်နိုင်ငံအတွင်း၌နေထိုင်ကြသော နိုင်ငံခြားသားများ (ကာလလတ်နှင့်ကာလရှည်နေထိုင်သူများ)

- နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာ ပြီးမြောက်ထားသည့် နိုင်ငံခြားသားများ
  → စာမေးပွဲ (ကျွမ်းကျင်မှု၊ ဂျပန်ဘာသာ) ကင်းလွတ်ခွင့်ရှိ
- ပညာတော်သင်ကျောင်းသားစသည်
  → စာမေးပွဲ (ကျွမ်းကျင်မှု၊ ဂျပန်ဘာသာ) တို့ အောင်မြင်ခြင်း

↓

အလုပ်ခေါ်စာများကို တိုက်ရိုက်လျှောက်ထားခြင်း/ Hello Work သို့မဟုတ် ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှကြားခံ အလုပ်ရှာဖွေပေးခြင်း

↓

[လက်ခံခန့်အပ်ပေးမည့်အဖွဲ့အစည်းနှင့် အလုပ်ခန့်အပ်မှုစာချုပ် ချုပ်ဆိုခြင်း] လက်ခံခန့်အပ်ပေးမည့်အဖွဲ့အစည်းများမှ ကြိုတင်လုပ်ဆောင်သော အကြိုလမ်းညွှန်သင်တန်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ခံယူခြင်း

↓

နေထိုင်ခွင့်အမျိုးအစားပြောင်းလဲခွင့်လျှောက်ထားခြင်း

* မူအရ ကာယကံရှင်ကိုယ်တိုင် လျှောက်ထားရပါမည်

↓

**ဒေသန္တရလူဝင်မှုကြီးကြပ်ရေးအေဂျင်စီ**

စစ်ဆေးခြင်း

နေထိုင်ခွင့်အမျိုးအစားပြောင်းလဲရန် ခွင့်ပြုခြင်း

နေထိုင်ခွင့်ကတ်ထုတ်ပေးခြင်း

[နိုင်ငံခြားသားကာယကံရှင်အတွက် လိုအပ်ချက်များ]
- အသက် 18 နှစ်နှင့်အထက်ဖြစ်ရမည်
- အရည်အချင်းစစ်စာမေးပွဲနှင့် ဂျပန်ဘာသာစာမေးပွဲကို အောင်မြင်ထားရမည် (နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာပြီးမြောက်ထားသည့် နိုင်ငံခြားသားများ ကင်းလွတ်ခွင့်ရှိပါသည်)
- အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) ဖြင့် တစ်ဆက်တည်း ၅ နှစ်နှင့်အထက် မနေထိုင်ဖူးခြင်း
- အာမခံကြေး အကောက်ခံရမှုမရှိခြင်း သို့မဟုတ် ဒဏ်ကြေးသတ်မှတ်ထားသည့်စာချုပ်များ ချုပ်ဆိုမထားခြင်း
- မိမိကိုယ်တိုင်ကျခံရမည့် ကုန်ကျစရိတ်များရှိပါက အကြောင်းအရာကို အပြည့်အဝ နားလည်ထားခြင်း

စသည်

[ဂျပန်နိုင်ငံသို့ ဝင်ရောက်ပြီးနောက် (သို့မဟုတ် နေထိုင်ခွင့်အမျိုးအစားကို ပြောင်းလဲပြီးနောက်) ဤလုပ်ငန်းစဉ်ကို နှောင့်နှေးမှုမရှိဘဲ လုပ်ဆောင်ပါ။]
- လက်ခံခန့်အပ်သည့်အဖွဲ့အစည်းစသည်တို့မှ လုပ်ဆောင်သော စားဝတ်နေရေးဆိုင်ရာ ဘဝလမ်းညွှန်မှုကို ခံယူခြင်း
- နေထိုင်မည့်နေရာမှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစသည်တို့၌ နေထိုင်သူအဖြစ် မှတ်ပုံတင်ခြင်း
- လစာအကောင့်ဖွင့်ခြင်း
- နေစရာ ခိုင်မာစေခြင်း

စသည်

**လက်ခံခန့်အပ်ပေးသည့်အဖွဲ့အစည်းထံတွင် အလုပ်စဝင်ခြင်း**

(အရင်းအမြစ်) ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးအေဂျင်စီ HP（https://www.moj.go.jp/isa/content/001335263.pdf）

၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏ အကြောင်းအရာအကျဉ်းချုပ်

၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်

**၃။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍**

၄။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၅။ လက်ခံဆွေးနွေးပေးသည့်ကောင်တာနှင့်စပ်လျဉ်း၍

# ၃-၁။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ အကြောင်းအရာအကျဉ်းချုပ် (၁/၂)



- ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ ကျင်းပမှုအကြောင်းအရာအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
- ၂၀၂၅ ခုနှစ်မှစတင်ပြီး စာမေးပွဲကျင်းပသည့်ပြည်ပနိုင်ငံများတွင် အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်တို့ အသစ်ထပ်တိုးလာပါသည်။

<table>
<tr><th>စာမေးပွဲအမျိုးအစား</th><td>● အမျိုးအစား ၁၀ မျိုး</td></tr>
<tr><th>စာမေးပွဲကျင်းပသည့်နေရာ</th><td>● Prometric Inc. (အောက်တွင် “Prometric”ဟု သုံးပါမည်) မှ ပံ့ပိုးပေးသော စာမေးပွဲစင်တာများ<br>(ပြည်တွင်း - ဂျပန်နိုင်ငံအဝှမ်း ဒေသအသီးသီး / ပြည်ပ - အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်)</td></tr>
<tr><th>စာမေးပွဲအချိန်ဇယား</th><td>● ၂၀၂၅ ခုနှစ်တွင် စာမေးပွဲကာလ ၃ ကြိမ် ကျင်းပရန် (ပထမကာလမှ တတိယကာလ) လျာထားပါသည်။
<table>
<tr><th>ကာလ</th><th>စာမေးပွဲအချိန်ဇယား</th><th>စာမေးပွဲကျင်းပမည့်နေရာ</th><th>ကျင်းပမည့်စာမေးပွဲအမျိုးအစား</th></tr>
<tr><td>ပထမကာလ</td><td>၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက် (အင်္ဂါ) မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက် (တနင်္လာ)</td><td>ပြည်တွင်း၊ ပြည်ပ</td><td>အမျိုးအစား ၁၀ မျိုး</td></tr>
<tr><td>ဒုတိယကာလ</td><td>၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက် (အင်္ဂါ) မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် (တနင်္လာ)</td><td>ပြည်တွင်း၊ ပြည်ပ</td><td>အမျိုးအစား ၁၀ မျိုး</td></tr>
<tr><td>တတိယကာလ</td><td>၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း (လျာထား)<br>လက်ရှိတွင် ချိန်ညှိဆဲဖြစ်ပါသည်။ စာမေးပွဲကာလကို နောက်ရက်များတွင် ပြန်လည်ကြေငြာပေးပါမည်။</td><td>ပြည်တွင်း၊ ပြည်ပ</td><td>အမျိုးအစား ၁၀ မျိုး</td></tr>
</table>
*နောက်ဆုံးသတင်းအချက်အလက်များအတွက် ပေါ်တယ်ဆိုက်တွင် အတည်ပြုစစ်ဆေးပါ။</td></tr>
<tr><th>စာမေးပွဲအချိန်</th><td>● ရေးဖြေနှင့် လက်တွေ့ စာမေးပွဲ စုစုပေါင်း မိနစ် 80</td></tr>
<tr><th>စာမေးပွဲစစ်မည့်နည်းလမ်း</th><td>● CBT (Computer-Based Testing) နည်းလမ်း (စာတွေ့နှင့် လက်တွေ့)</td></tr>
<tr><th>အောင်/ရှုံး<br>အခြေခံသတ်မှတ်ချက်များ</th><td>● ရေးဖြေစာမေးပွဲ - အဖြေမှန်ရာခိုင်နှုန်း ၆၅% နှင့်အထက်<br>● လက်တွေ့စာမေးပွဲ - အဖြေမှန်ရာခိုင်နှုန်း ၆၀% နှင့်အထက်</td></tr>
</table>

● စာမေးပွဲအတွက် လျှောက်ထားရန်နှင့် စာမေးပွဲရလဒ်စစ်ဆေးရန်အတွက် Prometric ဝက်ဘ်ဆိုက်မှတစ်ဆင့် လုပ်ဆောင်ပါ။

| | |
|---|---|
| ဘာသာစကား | ● ဂျပန်ဘာသာ |
| စာမေးပွဲစံနှုန်း | ● အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) စာမေးပွဲ ကင်းလွတ်ခွင့်ရသည့် နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ပြီးမြောက်ထားသူများ ဖြေဆိုရမည့် ကျွမ်းကျင်မှုစာမေးပွဲ အဆင့် ၃ လယ်ဗယ်ကို စံအဖြစ်သတ်မှတ်ပါသည်<br>*နမူနာမေးခွန်းများကို ပေါ်တယ်ဆိုက်ပေါ်တွင်လည်း တင်ထားပါသည်။ |
| စာမေးပွဲဖြေဆိုခွင့်အရည်အချင်း | ● မူအရ လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် 17 နှစ်နှင့်အထက်ရှိသည့် နိုင်ငံခြားသားများဖြစ်ရမည်ဖြစ်ပြီး (အင်ဒိုနီးရှားနိုင်ငံသားဖြစ်ပါက အသက် 18 နှစ်နှင့်အထက်) စာမေးပွဲအောင်မြင်ပါက ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန် ဆန္ဒရှိသည့်သူ |
| လျှောက်ထားခြင်း | ● Prometric ကြိုတင်မှာယူမှုဆိုက်မှတဆင့်လျှောက်ထားပါ။<br>（https://www.prometric-jp.com/ssw/test_list/archives/17） |
| စာမေးပွဲကြေးနှင့် အောင်လက်မှတ်ကြေး | ● စာမေးပွဲကြေး – ၈,၀၀၀ ယန်း<br>● အောင်လက်မှတ်ကြေး– ယန်း ၁၅,၀၀၀ |
| အောင်/ရှုံး အသိပေးသည့်နည်းလမ်း | ● စာမေးပွဲဖြေဆိုပြီးသည့်နောက်တစ်ရက်မှစ၍ ရုံးဖွင့်ရက် ၅ ရက်အတွင်း Prometric ကြိုတင်မှာယူမှုဆိုက်သို့ လော့ခ်အင်ဝင်ပြီး အတည်ပြုပါ |
| လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း | ● ပေါ်တယ်ဆိုက်တွင် သီးသန့်ပုံစံဖြင့် အောင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း (စာမေးပွဲဖြေဆိုပြီးသည့်နောက်တစ်ရက်မှစ၍ ရုံးဖွင့်ရက် ၆ ရက်မှစ၍ လျှောက်ထားနိုင်ပါသည်)<br>● ( https://cbt.sswm.go.jp/pass ) |

# ၃-၂။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ စာမေးပွဲအမျိုးအစား

## ● စာမေးပွဲကို အမျိုးအစား ၁၀ မျိုးဖြင့် ပြုလုပ်မည်ဖြစ်ပါသည်။

| | စက်နှင့်သတ္တုလုပ်ငန်းအမျိုးအစား | လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ခြင်း အမျိုးအစား | သတ္တုမျက်နှာပြင်ပြုပြင်မှု အမျိုးအစား |
|---|---|---|---|
| အလုပ်ဌာနခွဲ | စက်နှင့်သတ္တုလုပ်ငန်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် စက်အစိတ်အပိုင်းထုတ်ကုန်များနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ တပ်ဆင်မှုလုပ်ငန်းစဉ်များကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | သတ္တုမျက်နှာပြင်ပြုပြင်မှု (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် မျက်နှာပြင်ပြုပြင်မှုစသည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) |
| ပါဝင်သော ကျွမ်းကျင်မှုများ | အရည်ကြိုပုံသွင်းခြင်း၊ သတ္တုပုံသွင်းခြင်း၊ Die Casting လုပ်ခြင်း၊ စက်ပစ္စည်းသုံးလုပ်ဆောင်မှု၊ သတ္တုဖိအားပေးလုပ်ဆောင်မှု၊ သံထည်၊ သတ္တုပြားပုံသွင်းလုပ်ဆောင်မှု၊ အချောသပ်ခြင်း၊ ပလပ်စတစ်ပုံသွင်းခြင်း၊ စက်ပစ္စည်းစစ်ဆေးမှု၊ စက်ပစ္စည်းထိန်းသိမ်းမှု၊ လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း၊ ဆေးမှုတ်ဆေးသုတ်ခြင်း၊ ဂဟေဆက်ခြင်း၊ စက်မှုထွက်ကုန်ထုတ်ပိုးမှု၊ အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း၊ သတ္တုအပူပေးလုပ်ဆောင်မှု | စက်ပစ္စည်းသုံးလုပ်ဆောင်မှု၊ အချောသပ်ခြင်း၊ ပလပ်စတစ်ပုံသွင်းခြင်း၊ ဆားကစ်ဘုတ်ပြားထုတ်လုပ်မှု၊ အီလက်ထရွန်းနစ်ပစ္စည်းများတပ်ဆင်ခြင်း၊ လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း၊ စက်ပစ္စည်းစစ်ဆေးမှု၊ စက်ပစ္စည်းထိန်းသိမ်းမှု၊ စက်မှုထွက်ကုန်ထုတ်ပိုးမှု၊ အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း | မျက်နှာပြင်ဖုံးအုပ်မှု၊ Aluminum Anodizing လုပ်ဆောင်မှု |

| | ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း အမျိုးအစား | Precast ကွန်ကရစ်ထုတ်လုပ်မှု အမျိုးအစား | ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း အမျိုးအစား | ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်ခြင်းအမျိုးအစား | ပုံနှိပ်/စာအုပ်ချုပ်ခြင်း အမျိုးအစား | အထည်အလိပ်များ ထုတ်လုပ်ခြင်း အမျိုးအစား | စက်ချုပ်ခြင်း အမျိုးအစား |
|---|---|---|---|---|---|---|---|
| အလုပ်ဌာနခွဲ | ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံးပြုလုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | Precast ကွန်ကရစ်ထုတ်လုပ်မှု (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် Precast ကွန်ကရစ်ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြင့် ဆောင်ရွက်ခြင်း) | ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ခြေဖျက်သည့်၊ ပုံသွင်းသည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် ပန်းကန်ခွက်ယောက်နှင့် အဆင်တန်ဆာ အိုးခွက်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | ပုံနှိပ်/စာအုပ်ချုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် အော့ဖ်ဆက်ပုံနှိပ်ခြင်း၊ Gravure ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်းလုပ်ငန်းစဉ်များကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | အထည်အလိပ်များ ထုတ်လုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် အထည်အလိပ်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) | စက်ချုပ်ခြင်း (နည်းပြ၏ ညွှန်ကြားမှုများကို နားလည်သဘောပေါက်ရမည့်အပြင် စက်ချုပ်သည့် လုပ်ငန်းစဉ်ကို မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း) |
| ပါဝင်သော ကျွမ်းကျင်မှုများ | ကတ်ထူပုံးနှင့် ခေါက်ရာပေးထားသော ကတ်ပြားပုံး ပြုလုပ်ခြင်း | Precast ကွန်ကရစ်ထုတ်လုပ်မှု | ပြန်သုံးရန် ခက်ခဲသော စက္ကူနှင့် ပလတ်စတစ်မှ ပြုလုပ်သည့် လောင်စာ ထုတ်လုပ်ခြင်း | ကြွေထည်စက်မှုထုတ်ကုန်ထုတ်လုပ်မှု | ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်း | ချည်ငင်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ အရောင်ဆိုးခြင်း၊ ချည်ထည်ထွက်ကုန်ထုတ်လုပ်မှု၊ ဒေါင်လိုက်ယက်ချည်ထည်ထုတ်လုပ်မှု၊ ကော်ဇောထုတ်လုပ်မှု | အမျိုးသမီးနှင့်ကလေးအဝတ်အထည်ထုတ်လုပ်မှု၊ အမျိုးသားဝတ်အထည်ထုတ်လုပ်မှု၊ အတွင်းခံပစ္စည်းထုတ်လုပ်မှု၊ အိပ်ယာပစ္စည်းထုတ်လုပ်မှု၊ ဖျည်ထည်ထွက်ကုန်ထုတ်လုပ်မှု၊ အထည်ချုပ်ခြင်း၊ မော်တော်ယာဉ်ထိုင်ခုံချုပ်ခြင်း |

# ၃-၃။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲ စာမေးပွဲအကြောင်းအရာများ

- ရေးဖြေစာမေးပွဲသည် မေးခွန်းစာသားအကြောင်းအရာ မှန်ကန်ပါက (○)၊ မှားနေပါက (×) ကို ရွေးချယ်သည့် မေးခွန်းများ ဖြစ်ပါသည်။
- လက်တွေ့စာမေးပွဲသည် လက်တွေ့လုပ်ငန်းလုပ်ဆောင်မှုအဆင့်များနှင့် ကုန်ကြမ်းပစ္စည်းများဖြင့် ဆက်စပ်သည့်အကြောင်းအရာများကို ဖတ်ပြီး မှန်ကန်သည့်အဖြေကို ရွေးရသည့်စာမေးပွဲဖြစ်ပါသည်။
- နမူနာမေးခွန်းများကို ပေါ်တယ်ဆိုက်တွင် ရနိုင်ပါသည်။
- https://www.sswm.go.jp/exam/materials/#ssw1

## <မေးခွန်းများ၏ နယ်ပယ်နှင့် နမူနာမေးခွန်းများ (စက်နှင့်သတ္တုလုပ်ငန်းအမျိုးအစားအတွက် ဥပမာများ)>

### サンプル問題（機械金属加工区分）

１．主な出題範囲

| 項目 | | 問題数<br>※配分は目安です |
|---|---|---|
| 学科 | | 計30問 |
| 製造分野全般 | 「安全衛生、品質管理」・「一般教養」・「法令、規格、器具」など | 10問 |
| 機械金属加工区分全般 | 「安全衛生、品質管理」・「機械工作法、機械、器具」・「材料」・「検査・測定」・「製図」など | 20問 |
| 実技 | | 計10問 |
| 安全衛生 | | 2問 |
| 品質管理 | | 2問 |
| 検査 | | 2問 |
| 測定 | | 2問 |
| 製図 | | 2問 |

### 機械金属加工区分　学科試験

問題１から問題30について、正しい場合はＡを、間違っている場合はＢを選びなさい。

（共通：安全衛生、品質管理）

問題１　作業に対する意識として、作業中は常に危険と隣り合わせであることを認識し注意する。

問題2　日本産業規格（ＪＩＳ）に定められた下の図記号は、「上り段差に注意」のマークである。



問題3　作業に使う機械や道具を作業の前に点検する必要はない。

問題4　パレート図は、データを項目ごとに分類して大きい方から順番に並べた円グラフである。

# (ကိုးကား) ဂျပန်ဘာသာစာမေးပွဲနှင့်စပ်လျဉ်း၍



- ဂျပန်ဘာသာစာမေးပွဲနှင့်ပတ်သက်ပြီး အောက်ပါတို့မှတစ်ဆင့် စာမေးပွဲသီးခြားဖြေဆိုပါ။
- သို့ရာတွင် နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာပြီးမြောက်ထားသည့်အခါ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ ကင်းလွတ်ခွင့်ရပါမည်။

| | |
|---|---|
| ဂျပန်ဘာသာစံနှုန်း | ● နေ့စဉ်သုံးစကားများကို အထိုက်အလျောက် ပြောနိုင်ပြီး နေထိုင်မှုဘဝအပေါ် မထိခိုက်နိုင်သည့် အတိုင်းအတာကို အခြေခံအဖြစ်ထားကာ အလုပ်သဘောအရ လိုအပ်သောဂျပန်ဘာသာစွမ်းရည် |
| စာမေးပွဲ<br>(ညာဘက်တွင်ဖော်ပြထားသည်တို့ထဲမှ တစ်ခုခု) | ①ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်ဘာသာစကားအခြေခံစာမေးပွဲကို အောင်မြင်ခြင်း<br>https://www.jpf.go.jp/jft-basic/index.html<br><br>(၂) ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N4 နှင့်အထက် ရရှိပြီးခြင်း<br>https://www.jlpt.jp/<br><br>※ အထက်ဖော်ပြပါတို့မှလွဲ၍ ဂျပန်ဘာသာအရည်အချင်းတိုင်းတာနိုင်သည့် အခြားစာမေးပွဲများ အောင်မြင်ထားသော်လည်း ကျွမ်းကျင်လုပ်သားစနစ်မှ သတ်မှတ်ထားသည့် ဂျပန်ဘာသာအရည်အချင်းထောက်ခံချက်အဖြစ် အသုံးပြုနိုင်မည်မဟုတ်ပါ။ |
| ကင်းလွတ်ခွင့်ရပါက | ● သို့သော် ကုန်ထုတ်လုပ်ငန်းနယ်ပယ်နှင့် အခြားအလုပ်အမျိုးအစားများ၊ လုပ်ငန်းများတွင် နည်းပညာအလုပ်သင် သင်တန်း အမှတ် (၂) ကို ကောင်းစွာပြီးမြောက်ထားသည့်အခါ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ ကင်းလွတ်ခွင့်ရပါမည်။ |

# ၃-၄။ အောင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍

နံပါတ်(၁) နှင့် နံပတ် (၂) တို့၏ ဘုံတူညီသောအချက်များ

- **အောင်လက်မှတ်ကို စာမေးပွဲဖြေဆိုသည့်ရက်၏ နောက်တစ်ရက်မှစ၍ ရုံးဖွင့်ရက် ၆ ရက်နောက်ပိုင်းမှစတင်ကာ ပေါ်တယ်ဆိုက်မှ သီးသန့်ပုံစံဖောင်ဖြင့် လျှောက်ထားနိုင်ပါသည်။**
  **နံပါတ် (၁) - https://www.sswm.go.jp/exam_f/examination_procedure.html**
  **နံပါတ် (၂) - https://www.sswm.go.jp/exam_f_02/examination_procedure.html**
- **အောင်လက်မှတ်ကြေး (၁၅,၀၀၀ ယန်း) လိုအပ်ပါသည် (ပြန်လည်ထုတ်ယူမှုများအပါအဝင်)။**
- **ထို့အပြင် ၂၀၂၁ ခုနှစ်ရှေ့ပိုင်းမှ အောင်မြင်သူများအတွက် အောင်လက်မှတ်ကို အီးမေးလ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားပါမည်။**

**အောင်မြင်သူ၏ အချက်အလက်**


- စာမေးပွဲအမျိုးအစားအလိုက် (နံပါတ် (၁)၊ နံပါတ်(၂)/ PBT၊ CBT)
- Prometric ID
- ခုံနံပါတ်
- အီးမေးလ်လိပ်စာ
- နာမည်အပြည့်အစုံ
- မွေးသက္ကရာဇ်
- နိုင်ငံသား

**ကာယကံရှင် အထောက်အထားစာရွက်စာတမ်း**



(ဥပမာ)
- ဂျပန် - နေထိုင်ခွင့်ကတ်ပြား
- အင်ဒိုနီးရှား - နိုင်ငံကူးလက်မှတ်၊ KTP ID ကတ်
- ထိုင်း - နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်
- ဖိလစ်ပိုင် - နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ UMID ကတ်၊ ယာဉ်မောင်းလိုင်စင်
- နီပေါ - နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်

**မျက်နှာဓာတ်ပုံဒေတာ**



၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏ အကြောင်းအရာအကျဉ်းချုပ်

၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်

၃။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

**၄။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍**

၅။ လက်ခံဆွေးနွေးပေးသည့်ကောင်တာနှင့်စပ်လျဉ်း၍

# ၄-၁။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ ကျင်းပမှုအကြောင်းအရာအကျဉ်းချုပ် (၁/၂)

နံပါတ် (၂)

- **ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ ကျင်းပမှုအကြောင်းအရာအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**
- **နောက်ဆုံးသတင်းအချက်အလက်များအတွက် ပေါ်တယ်ဆိုက်တွင် အတည်ပြုစစ်ဆေးပါ။**

**စာမေးပွဲအမျိုးအစား**

- **စုစုပေါင်း အမျိုးအစား ၃ ခု**

| | (၁) စက်နှင့်သတ္တုလုပ်ငန်းအမျိုးအစား | (၂) လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ခြင်း အမျိုးအစား | (၃) သတ္တုမျက်နှာပြင်ပြုပြင်မှု အမျိုးအစား |
|---|---|---|---|
| ပါဝင်သော ကျွမ်းကျင်မှုများ | အရည်ကြိုပုံသွင်းခြင်း၊ သတ္တုပုံသွင်းခြင်း၊ Die Casting လုပ်ခြင်း၊ စက်ပစ္စည်းသုံးလုပ်ဆောင်မှု၊ သတ္တုဖိအားပေးလုပ်ဆောင်မှု၊ သံထည်၊ သတ္တုပြားပုံသွင်းလုပ်ဆောင်မှု၊ အချောသပ်ခြင်း၊ ပလပ်စတစ်ပုံသွင်းခြင်း၊ စက်ပစ္စည်းစစ်ဆေးမှု၊ စက်ပစ္စည်းထိန်းသိမ်းမှု၊ လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း၊ ဆေးမှုတ်ဆေးသုတ်ခြင်း၊ ဂဟေဆက်ခြင်း၊ စက်မှုထွက်ကုန်ထုတ်ပိုးမှု၊ အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း၊ သတ္တုအပူပေးလုပ်ဆောင်မှု | စက်ပစ္စည်းသုံးလုပ်ဆောင်မှု၊ အချောသပ်ခြင်း၊ ပလပ်စတစ်ပုံသွင်းခြင်း၊ ဆားကစ်ဘုတ်ပြားထုတ်လုပ်မှု၊ အီလက်ထရွန်းနစ်ပစ္စည်းများတပ်ဆင်ခြင်း၊ လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း၊ စက်ပစ္စည်းစစ်ဆေးမှု၊ စက်ပစ္စည်းထိန်းသိမ်းမှု၊ စက်မှုထွက်ကုန်ထုတ်ပိုးမှု၊ အားဖြည့်ပလပ်စတစ်ပုံသွင်းခြင်း | မျက်နှာပြင်ဖုံးအုပ်မှု၊ Aluminum Anodizing လုပ်ဆောင်မှု |

**စာမေးပွဲကျင်းပမည့်နေရာ**

- **Prometric မှ ပံ့ပိုးပေးသော စာမေးပွဲစင်တာများ (ဂျပန်ပြည်တွင်း – နိုင်ငံအဝှမ်းမှ ဒေသအသီးသီး)**

**စာမေးပွဲအချိန်ဇယား**

- **၂၀၂၅ ခုနှစ်အတွက် ကျင်းပမည့်ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် *ဂျပန်ပြည်တွင်း၌သာ ဖြေဆိုနိုင်ပါမည်**

| ကာလ | စာမေးပွဲအချိန်ဇယား |
|---|---|
| ပထမကာလ | ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက် (အင်္ဂါ) မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက် (တနင်္လာ) |
| ဒုတိယကာလ | ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက် (အင်္ဂါ) မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် (တနင်္လာ) |
| တတိယကာလ | ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း (လျာထား)<br>လက်ရှိတွင် ချိန်ညှိဆဲဖြစ်ပါသည်။ စာမေးပွဲကာလကို နောက်ရက်များတွင် ပြန်လည်ကြေငြာပေးပါမည်။ |

**စာမေးပွဲအချိန်**

- **လက်တွေ့စာမေးပွဲအတွက် မိနစ် ၆၀ သာ *ရေးဖြေစာမေးပွဲသည် Business Career Certification Level 3 ဖြစ်ပါသည်။**

**စာမေးပွဲစစ်မည့်နည်းလမ်း**

- **CBT (Computer-Based Testing) နည်းလမ်း**

**စာမေးပွဲစံနှုန်း**

- **အဖြေမှန်ကန်မှုရာခိုင်နှုန်း - ၆၀% နှင့်အထက်**

# ၄-၁။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ ကျင်းပမှုအကြောင်းအရာအကျဉ်းချုပ် (၂/၂)

နံပါတ် (၂)

- ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ ကျင်းပမှုအကြောင်းအရာအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
- နောက်ဆုံးသတင်းအချက်အလက်များအတွက် ပေါ်တယ်ဆိုက်တွင် အတည်ပြုစစ်ဆေးပါ။

| | |
|---|---|
| ဘာသာစကား | ■ ဂျပန်ဘာသာ |
| စာမေးပွဲစံနှုန်း | ■ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) သည် လက်ရှိတွင် ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနယ်ပယ်၌ နေထိုင်ခွင့်အမျိုးအစား ရရှိထားသည့် နိုင်ငံခြားသားများနှင့် တန်းတူဖြစ်သော သို့မဟုတ် ထို့ထက်ပိုသော မြင့်မားသည့် ပညာရပ်စွမ်းရည်နှင့် ကျွမ်းကျင်မှုများ ရှိရန်လိုအပ်သည့်အတွက်ကြောင့် ကျွမ်းကျင်မှုစာမေးပွဲ အဆင့် ၁ အတိုင်းအတာကို အခြေခံစံအဖြစ် သတ်မှတ်ပါသည်။ |
| စာမေးပွဲဖြေဆိုခွင့်အရည်အချင်း | ■ မူအရ လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် 17 နှစ်နှင့်အထက်ရှိသည့်* နိုင်ငံခြားသားများဖြစ်ရမည်ဖြစ်ပြီး စာမေးပွဲအောင်မြင်ပါက ဂျပန်ပြည်တွင်းတွင် အလုပ်လုပ်ရန် ဆန္ဒရှိသည့်သူ<br>*အင်ဒိုနီးရှားနိုင်ငံသားဖြစ်ပါက ပြည့်ပြီးအသက် 18 နှစ်နှင့်အထက်ဖြစ်ရပါမည်<br>■ "ဂျပန်နိုင်ငံအတွင်း အခြေစိုက်လုပ်ငန်းခွင်ရှိသော ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်ငန်းဆိုက်များတွင် ၃ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ဖူးသော အတွေ့အကြုံရှိကြောင်း" သက်သေပြနိုင်သည့် "လုပ်ငန်းအတွေ့အကြုံလက်မှတ်" တင်ပြရန်လိုအပ်ပါသည်။ ဖြည့်သွင်းထားသည့် စာရွက်စာတမ်းများကို လျှောက်ထားသည့်အချိန်၌ တင်ပြပါ။<br>*လုပ်ငန်းအတွေ့အကြုံလက်မှတ်နှင့် စပ်လျဉ်း၍<br>https://www.sswm.go.jp/exam_f_02/examination_index.html#a01 |
| လျှောက်ထားခြင်း | ■ Prometric ကြိုတင်မှာယူမှုဆိုက်မှတဆင့်လျှောက်ထားပါ။<br>https://www.prometric-jp.com/ssw/test_list/archives/18 |
| စာမေးပွဲကြေးနှင့် အောင်လက်မှတ်ကြေး | ■ စာမေးပွဲကြေး – ယန်း ၁၅,၀၀၀<br>■ အောင်လက်မှတ်ကြေး - ယန်း ၁၅,၀၀၀ |
| အောင်/ရှုံး အသိပေးသည့်နည်းလမ်း | ■ စာမေးပွဲဖြေဆိုပြီးသည့်နောက်တစ်ရက်မှစ၍ ရုံးဖွင့်ရက် ၅ ရက်အတွင်း Prometric ကြိုတင်မှာယူမှုဆိုက်သို့ လော့ခ်အင်ဝင်ပြီး အတည်ပြုပါ |
| လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း | ■ ပေါ်တယ်ဆိုက်မှ သီးသန့်ပုံစံဖောင်ဖြင့် ထုတ်ပေးရန်လျှောက်ထားခြင်း (စာမေးပွဲဖြေဆိုသည့်ရက်၏ နောက်တစ်ရက်မှစ၍ ရုံးဖွင့်ရက် ၆ ရက်နောက်ပိုင်းမှစတင်ကာ လျှောက်ထားနိုင်ပါသည်)<br>(https://cbt.sswm.go.jp/pass) |

# ၄-၂။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲ စာမေးပွဲအကြောင်းအရာများ

နံပါတ် (၂)

- လက်တွေ့လုပ်ငန်းလုပ်ဆောင်မှုအဆင့်များနှင့် ကုန်ကြမ်းပစ္စည်းများဖြင့် ဆက်စပ်သည့်အကြောင်းအရာများကို ဖတ်ပြီး မှန်ကန်သည့်အဖြေကို ရွေးရသည့်စာမေးပွဲဖြစ်ပါသည်။
- လေ့လာသင်ယူရာ၌သုံးနိုင်သည့် ကိုးကားနိုင်သောသင်ထောက်ကူများကို ပေါ်တယ်ဆိုက်ပေါ်၌ တင်ပေးထားပါသည်။

  https://www.sswm.go.jp/exam/materials/#ssw2

<မေးခွန်းများ၏ နယ်ပယ်နှင့် လေ့လာသင်ယူရာ၌သုံးနိုင်သည့် ကိုးကားနိုင်သောသင်ထောက်ကူများ (စက်နှင့်သတ္တုလုပ်ငန်းအမျိုးအစားအတွက် ဥပမာများ)>

機械金属加工区分の出題範囲等

| 項目 | 内容 | 問題数 ※配分は目安 |
|---|---|---|
| 安全衛生 | 安全衛生管理が具体的にできること | ４問 |
| 品質管理 | 品質管理が具体的にできること | ４問 |
| 検査 | 機械金属関連の作業について、検査ができること | ４問 |
| 測定 | 機械金属関連の作業について、測定ができること | ４問 |
| 製図 | 機械金属関連の作業について、製図ができること | ４問 |
| 標準作業（応用問題） | 機械金属関連の作業について、総合的な対応ができること | ４問 |
| 機械の操作・管理 | 機械加工、仕上げ、機械検査、機械保全のいずれかに関する作業の知識を有すること | ２問 |
| 金属材料、金属加工 | 鋳造、鍛造、ダイカスト、金属プレス加工、鉄工、工場板金、溶接、金属熱処理のいずれかに関する作業の知識を有すること | ２問 |
| その他 | 電気機器組立て、プラスチック成形、強化プラスチック成形、塗装、工業包装のいずれかに関する作業の知識を有すること | ２問 |
| | | 計３０問 |

4. 正解と解説

【項目：安全衛生】

＜キーワード＞
３Ｓ・４Ｓ・５Ｓ、３ム、労働災害防止、安全活動、作業服・保護具、ＫＹＴ（危険予知訓練）、設備の安全管理、警告ラベル、労働安全衛生法、労働衛生基準

**問題１**

**正解：B**

**解説**

- ✓ 製造業の現場において、「５Ｓ（整理・整頓・清掃・清潔・しつけ）」は重要であり、常に心がけておく。
- ✓ 転倒の原因にもなるため、通路に材料を置いてはいけない。


**問題２**

**正解：A**

**解説**

- ✓ 正しい姿勢で作業することにより、腰への負担を軽減できる。
- ✓ 重いものを持ち上げるときは、できるだけ体を対象物に近づけ、腰（重心）を低くする姿勢をとる。
- ✓ ２人以上の場合は、できるだけ身長差のない人同士で行う。

＜正しい姿勢＞　＜間違った姿勢＞



（図の出所）厚生労働省「職場における腰痛予防対策指針及び解説」
https://www.mhlw.go.jp/stf/houdou/2r98520000034et4-att/2r98520000034mtc_1.pdf

၁။ ကျွမ်းကျင်လုပ်သားစနစ် (စက်မှုထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်) ၏
အကြောင်းအရာအကျဉ်းချုပ်

၂။ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သား နံပါတ်(၁) အဖြစ် အလုပ်ဝင်သည်အထိ အဆင့်ဆင့်

၃။ ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ် အထူးကျွမ်းကျင်လုပ်သားနံပါတ်(၁) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

၄။ ထုတ်လုပ်မှုနယ်ပယ်မှ အထူးကျွမ်းကျင်လုပ်သားနံပါတ်(၂) အကဲဖြတ်စာမေးပွဲနှင့်စပ်လျဉ်း၍

**၅။ လက်ခံဆွေးနွေးပေးသည့်ကောင်တာနှင့်စပ်လျဉ်း၍**

# ၅။ ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ လက်ခံဆွေးနွေးပေးသောကောင်တာများနှင့် စပ်လျဉ်း၍



**ကုန်ထုတ်လုပ်ငန်းရှိ နိုင်ငံခြားသားအထူးကျွမ်းကျင်လုပ်သားများအတွက် လက်ခံဆွေးနွေးပေးသောကောင်တာ ကောလ်စင်တာ**



**ဖုန်း 050-2018-6773** (နိုင်ငံခြားသား အလုပ်သမားများအတွက်) (ကိုးကား) **03-6838-0058**
(လက်ခံခန့်အပ်ပေးသော စီးပွားရေးလုပ်ငန်းရှင်များအတွက်)

**အီးမေးလ်-** seizou_tokuteiginou_soudanmadoguchi@injestar.co.jp

ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ထိုင်းဘာသာစကားများဖြင့် ပံ့ပိုးပေးထားပါသည်။

**ပေါ်တယ်ဆိုက်** https://www.sswm.go.jp/

JAIM

一般社団法人 Japan Association for Human Resources in Industrial Product Manufacturing

工業製品製造技能人材機構